KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ

မေလ ၆ ရက် ၂၀၁၆ / KHRG မှတ်တမ်းလွှာအမှတ် # 15-38-I2

---

# ဒူးပလာယာခရိုင် မှုခင်းဆိုင်ရာမှတ်တမ်းလွှာ ： ၂၀၁၅ ခုနှစ် မတ်လ တွင်ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော လူသတ် မှု

---

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ၂၀၁၅ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ ကျော်ကေးခို ကျေးရွာတွင် စောပောသောနှင့် ၎င်း၏သူငယ်ချင်းလေးယောက်တို့မှ အပြစ်မဲ့ပြည်သူတစ်ဦးဖြစ်သော စောသောင်းငြိမ်းအား သေနတ်ဖြင့်သတ်ဖြတ်သည့်အကြောင်းကို ဖော်ပြပါသည်။ ဗေဒင်ဆရာတစ်ဦးဖြစ်သော ဆရာစ---သည် စောမောင်ကြာအား ၎င်း၏သားသည် အောက်လမ်းပညာဖြင့်လုပ်ကြံ၍ သေဆုံးခဲ့ခြင်း ဖြစ်သည်ဟု လှုံ့ဆော်ပြောဆိုခဲ့သည်။ ထို့အပြင် ၎င်းဗေဒင် ဆရာမှ စောမောင်ကြားအား ဆရာဝန်၏ ဆေးစစ်တမ်းအရ သူ၏သားသည် သွေးကင်ဆာဖြင့် သေ ဆုံးခဲ့ကြောင်း ပြောဆိုခဲ့သည်မှာ မမှန်ကန်ကြောင်း ဟု ပြောဆိုခဲ့ပါသည်။ ထို့ကြောင့် စောမောင်ကြာသည် ၎င်း၏ကလေးကို စောသောင်းငြိမ်းမှ အောက်လမ်းနည်းပညာဖြင့် လုပ်ကြံခဲ့သည်ဟု ထင်မြင်ယူဆသောကြောင့် စောသောင်းငြိမ်းကို သူ၏ကိုယ်စား သေနတ်ဖြင့် ပစ်သတ်ရန် စောပောသားအား ခိုင်းစေခဲ့သည်။ ထိုAK-47 ရိုင်ဖယ်သေနတ်တစ်လက် စောပောသောမှ အမည်မသိ KNU/KNLA-PC တပ်သားတစ်ယောက်ထံသို့ စေမောင်ကြာမှသွားယူခဲ့သည်။*

---

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဒူးပလာယာခရိုင်

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ကရင်လူ့အခွင့်အရေးအဖွဲ့ KHRGမှဒေသတွင်းလူ့အခွင့်အရေးအခြေအနေများကိုလေ့လာမှတ်သားရန်လေ့ကျင့်သင်ကြားပေးထားသောဒေသ ခံအဖွဲ့ဝင်တစ်ဦးမှဖော်ခြင်းဖြစ်သည်။* [1]

*ဤသတင်းလွှာသည် မတ် လ ၂၀၁၅ ခုနှစ်တွင် လက်ခံရရှိခဲ့ပြီး အခြားသော မှုခင်းပြသည့်မှတ်တမ်းများ ဖြစ်ကြသော မှုခင်းသတင်းလွှာ ၁ ခု နှင့်အတူ အခြားသောသတင်းအမျိုးအစားများ ဖြစ်ကြသော မှုခင်းအင်တာဗျူး ၇ ခုနှင့် ဒေသတွင်း နောက်ဆုံးအခြေအနေသတင်းဖော်ပြချက်မှတ်တမ်း ၃ စောင် နှင့်တကွလက်ခံရရှိခဲ့သည်။*[2]

( မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် နေထိုင်သောရွာသားများ၏ အဖြစ်အပျက်များကိုအသံသွင်းယူထား၍ တွေ့ဆုံမေးမြန်း ခြင်းဖြင့် ရွာသားများကိုယ်တိုင် ပြောဆိုချက်များကို စုဆောင်းရယူပါသည်။တွေ့ဆုံမေးမြန်းမှု ပြုလုပ်သော ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဝန်ထမ်းများကို တွေ့ဆုံမေးမြန်းရာတွင် လမ်းညွှန်ချက်ပေးထားသည့်အတိုင်း မေးမြန်းရန်နှင့် ရွာသားများကိုလက်ရှိအခြေအနေတွင် ဖြစ်ပေါ်နေသောအကြောင်းအရာများကို လွတ်လပ်စွာထုတ်ဖော်ပြောကြားရန် အားပေးစေပါသည်။ ထို့အပြင် ရွာသားများမှ အရေးကြီးသည်ဟု ထင်မြင်သော အကြောင်းအရာများကိုလည်း ထုတ်ဖော်ပြောကြားရန်၊ လူ့အခွင့်အရေး ချိုးဖောက်မှုပြုခံနေရခြင်းနှင့် ပတ်သက်၍လည်းရွာသားများ၏အမြင်၊ ရှုထောင့်ကို မျှဝေပြောကြားရန် အားပေးစေပါသည်။)

---

[1] ကရင်လူ့အခွင့်အရေးအဖွဲ့ KHRGမှ လေ့ကျင့်သင်းကြားပေးသော မြန်မာပြည် အရှေ့တောင်ပိုင်း ရှိဒေသခံအဖွဲ့များအား လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ပျက်မှုသတင်းအချက်အလက် တစ်ခုချင်းစီအား စံညွှန်းပုံစံ အချိုး အစားများနှင့်အညီ ရွာသားများအား ဖြစ်ရပ်ဆိုင်ရာ အင်တာဗျူးခြင်း နှင့် ၎င်းတို့ရင်နီးသော နေရာဒေသများတွင် အထွေထွေနောက်ဆုံး ရအခြေအနေများအားတင်ပြခြင်းတို့ကို စုဆောင်းရန် လေ့ကျင့်သင်ကြားပေးပါသည်။ ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာပြုစုရာတွင် ဒေသခံအဖွဲ့ဝင် များကို ၎င်းတို့အရေးကြီးသည်ဟုယူဆသော လူ့အခွင့်အရေး ချိုးဖောက်သောဖြစ်ပျက်မှုများအား ၎င်းတို့အားဖြင့် စီးစစ်အတည်ပြုထားပြီးသော မှုရင်းအထောက်အထား များနှင့်ဒေသအတွင်း ပြောင်းလဲဖြစ် ပေါ်မှုများအားနှိုင်းယှဉ်ခြင်းတို့ကို လေ့လာမှတ်သားရန်အားပေးတိုက်တွန်း ထားပါသည်။

[2] ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ၏ သတင်းကောက်ယူမှုစည်းစနစ်များအားပို၍ထိုးဖောက်မြင်နိုင်ရန် နှင့် ကိုယ်တွေ့တိုက်ရိုက်ဆက် သွယ်မှုများနှင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိရွာသူရွာသားများ၏ အမြင်ရှုထောင့်များတင်းပြခြင်း၊ KHRG ၏အဓိကလုပ်ဆောင်မှုရည်မှန်းချက်တစ်ခုမှာ ကွင်းဆင်းလေ့လာသူများထံမှလက်ခံရရှိသော သတင်းများအားလုံးကိုလုပ်ငန်းစဥ်အတိုင်းလုပ်ဆောင်ပြီး ဘာသာပြန်၍ပြစ်မှုကျူး လွန်ခြင်းခံရသူများ၏လုံခြုံရေးနှင့်ပတ်သက် သောအကြောင်းအရာများအား စိစစ်ဖြတ်တောက်ခြင်းများပြုလုပ်ပြီးနောက်KHRG၏ဝက်ဘ်ဆိုက်တွင် ဖြန့်ဝေခြင်းဖြစ်သည်။ အခြားသော အစီရင်ခံစာများမှာနေရာဒေသ၊ခုနှစ်၊အကြောင်းအရာ၊အမျိုးအစားအလိုက်ခွဲထားပြီးသတင်းနှင့် ပတ်သတ်သောအခြားသောအကြောင်းအရာများအားဆက်လက်ဖတ်ရှုရန် ကျေးဇူးပြု၍ အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝက်ဘ်ဆိုက်တွင်ဖက်ရှုပါ။

## အပိုင်း ၁ - မူခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | လူသတ်မှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၁၅ ခုနှစ် မတ်လ ၁၅ ရက် |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | ကျော်ကေးခိုကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဒူးပလာယာခရိုင် |

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | |
|---|---|
| ***အမည်*** | စောသောင်းငြိမ်း |
| **အသက်** | ၄၇နှစ် |
| **ကျား/မ** | ကျား |
| **လူမျိုး** | ကရင် |
| **မိသားစုရှိ/မရှိ** | ရှိ |
| **အလုပ်အကိုင်** | ကျပန်း |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓဘာသာ |
| **ရာထူးအဆင့်** | ရွာသား |
| **နေရပ် ရွာအမည်** | ကျော်ကေးခိုကျေးရွာ |

| ပြစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာ ဒေသ** | **အထက်အရာရှိ အမည်** |
| စောဟေ သော | ရွာသား | စစ်တပ်မှမဟုတ်ပါ | ကျော်ကေးခိုကျေးရွာတွင် မွေးပြီးပလောဖါထောရွာ တွင်အိမ်ထောင်ကျခဲ့ပါ သည်။ | ရွာသား |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကိုရှင်းပြပါ။** |
| --- |
| ၂၀၁၅ ခုနှစ် မတ်လ ၁၅ ရက်၊ ညနေ ၉ နာရီ ၂၃ မိနစ်အချိန်တွင် စောသောင်းငြိမ်းနှင့် ၎င်း၏၇ နှစ်အရွယ်ရှိသော အငယ်ဆုံးသားတို့နှစ်ဦး အိမ်မှာရှိနေစဉ်တွင် စောဟေသောမှ KNU/KNLA-PC ထံသို့ တောင်းယူထားသော AK-47 သေနတ်ကိုအသုံးပြု၍ စောသောင်းငြိမ်းအားပစ်သတ်ခဲ့သည်။ သေနတ်ကျည်ဆံမှာ စောသောင်းငြိမ်း၏ လည်ပင်းအားထိမှန်ခဲ့ပြီး လည်ပင်း၏ အခြားတစ်ဖက်သို့ ကျွန်ထွက်သွားခဲ့ပါသည်။ |

| **(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်းမည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို)ရေးမှတ်ပေးပါ။** |
| --- |
| ဤသတင်းအား ကျေးရွာအုပ်စုမှူး စောက---- ထံမှရရှိပါသည်။ အဘယ်ကြောင့်ဆိုသော် မှုခင်းဖြစ်ပွားသည့်နေရာသည်သူ၏အိမ်နှင့်နီးပါသည်။ အခင်းဖြစ်ပွားပြီးနောက် ကျေးရွာအုပ်စုမှူးသည် စုံစမ်းစစ်ဆေးရေးပြုလုပ်ခဲ့သည်။ ဤသတင်းသည်ကျေးရွာအုပ်စုမှူးဆီမှ ရရှိသည်ဖြစ်သောကြောင့်မှန်ကန်ပါသည်။ |

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| **အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ အခင်းဖြစ်ပွားသည့်အသေးစိတ် အချိန်၊ နေရာဒေသ၊ ဘာဖြစ်ပျက်ခဲ့သလဲ၊ ဘယ်လိုဖြစ်ပျက်ခဲ့သလဲ၊ ပြစ်မှုကျူးလွန်ခံရသူကဘယ်သူတွေလဲ၊ ပြစ်မှုကျူးလွန်သူတွေက ဘယ်သူတွေလဲ၊ ဘာကြောင့်အခင်းဖြစ်ပွားရသလဲ ဆိုသည့်အချက်အလက် များကို တိကျမှန်ကန်စွာရေးသားဖော်ပြပေးပါ။ ထို့အပြင်အခင်းဖြစ်ပွားသည့်အချိန်တွင် ရွာသူ<br>ရွာသား များဘာတွေလုပ်ခဲ့သလဲ၊ အခင်းဖြစ်ပွားသည့် နောက်ဆက်တွဲပြဿနာနှင့် လက်ရှိကျူးလွန်ခံရသူတို့၏ အခြေအနေများကို လည်းရေးသားဖော်ပြပေးပါ။ ကျေးဇူးပြု၍ အောက်ပါပေးထားသောနေရာ<br>တွင်ဖြေဆိုပါ။ နေရာမလုံလောက်ပါက နောက်ထပ်စာရွက်အသစ်တစ်ခုနှင့်ပူးတွဲ၍ဖော်ပြပေးနိုင်ပါသည်။** |
| --- |
| ၂၀၁၅ ခုနှစ် မတ်လ ၁၅ ရက်၊ ညနေ ၉ နာရီ ၂၃ မိနစ်အချိန်တွင် အသက် ၄၇ အရွယ်ရှိ စောသောင်းငြိမ်းသည် သေနတ်ဖြင့်ပစ်သတ် ခြင်းခံခဲ့ရပါသည်။ ဤ မှုခင်းတွင် ပါဝင်ပတ်သက်သူ ၅ယောက်ရှိပါသည်။ ၎င်းတို့မှာ စောဟေသော၊ စောမောင်ကြာ၊ စောအေးဖြူ၊ စောဘောကစူးနှင့် စောတင်မိ တို့ဖြစ်ကြပါသည်။ ထိုသူ ၅ ယောက်ထဲတွင် စောဟေသောသည် ခေါင်းဆောင်ဖြစ်ပါသည်။ ၎င်းတို့သည် စောသောင်းငြိမ်းအား အောက်လမ်းပညာတက်မြောက်သူတစ်ဦးဖြစ် သည်ဟု စွပ်စွဲပြောဆိုပြီး ၎င်းအား လုပ်ကြံရန်စီစဉ်ခဲ့ပါသည်။ထိုအချိန်တွင် စောဟေသောသည် ပလောဖာထောရွာတွင် နေထိုင်ပြီး စောသောင်းငြိမ်းအား လုပ်ကြံရန် KNU/KNLA-PC တပ်ရင်းအမှတ် (၇၁၀)တပ်ခွဲအမှတ် (၄)၏ တပ်ခွဲမှူး ကျိုးကလယ် ဦးဆောင် |

သော အမည်မသိစစ်သားတစ်ဦးထံမှ သေနတ်တစ်လက် တောင်းယူခဲ့သည်။ ၎င်းစစ်သားမှလည်း စောဟေသောအား သေနတ်ငှားရခြင်း၏ရည်ရွယ်ချက်နှင့် မည်သို့မည်ပုံ အသုံးပြုမည့်အကြောင်း စသည့် တစ်စုံတစ်ရာမေးမြန်းခဲ့ခြင်းမရှိပါ။ အခင်းဖြစ်ပွားပြီးနောက် ကျေးရွာအုပ်စုမှူး၊ ကျေးရွာ ဥက္ကဌ၊ ကျေးရွာဒုဥက္ကဌနှင့် တာဝန်ရှိလုံခြုံရေးအဖွဲ့များမှ စုံစမ်းစစ်ဆေးရေးပြုလုပ်ခဲ့ပါသည်။ အခင်းဖြစ်ပွားပြီးနှစ်ရက်အလွန်တွင် ၎င်းတာဝန်ရှိသူများသည် ထိုမှုခင်း နှင့်ပတ်သတ်သောသတင်းအချက်အလက်များအား အတိအကျလက်ခံရရှိခဲ့ပြီး တရားခံအားအရေးယူရန် ၎င်းတို့မှချက်ချင်းပင် ဒူးပလာယာခရိုင်ရှိ KNU အထက်အရာရှိများထံသို့ တိုင်ကြားခဲ့သည်။ မတ်လ ၁၅ ရက်နေ့မှ ၁၉ ရက်နေ့အတွင်း ကျေးရွာအုပ်စုမှူး တို့သည် တရားခံများအားဖမ်းဆီးရန် လုံခြုံရေးအဖွဲ့များအားကျေးရွာပတ်ဝန်းကျင်တွင်ချထားခဲ့သည်။ ယခု အချိန်တွင်စောဟေသောနှင့်သူ၏နောက်လိုက် ၄ ယောက်တို့အား ဖမ်းဆီးချုပ်နှောင်ထားပြီး တာဝန်ရှိရဲများထံသို့ အပ်နှံခဲ့ပြီးဖြစ်ပါသည်။ သတ်ဖြတ်ခံခဲ့ရသော စောသောင်းငြိမ်းသည် အေးအေးဆေးဆေး နေတတ်သောသူ တစ်ယောက်ဖြစ်သည့်အလျောက် ရာဇဝတ်မှုနဲ့ ကင်းရှင်းသောသူဖြစ်ပြီး ပြစ်မှုမှတ်တမ်းတွင်မှာ လည်းအမည်စရင်း မရှိသောသူတစ်ဦး လည်းဖြစ်ပါသည်။ စောသောင်းငြိမ်းအား သတ်ဖြတ်မှု တွင်ကြံရာပါထဲမှ တစ်ဦးဖြစ်သူ စောမောင်ကြာ၏ကလေးမှာ ၅နှစ် ၆နှစ်ခန့်အထိကြာရှည်စွာ ဖျားနာခဲ့ပြီးနောက် ဆေးရုံတွင် သွေးကင်ဆာရောဂါဖြင့် ဆုံးပါးသွားခဲ့ပါသည်။ စောမောင်ကြာသည် သူအလွန်ချစ်ရသောသားအားဆုံရှုံးပြီးနောက် ဆရာစ--ဟုခေါ်သော ဗေဒင်ဆရာတစ်ဦးထံသို့သွားကာ သေဆုံးသွားသော သူ၏သားနှင့် ပတ်သက်သည့် ဖြစ်ပျက်ပုံအကြောင်းစုံအား ပြောပြခဲ့ပါသည်။ ဗေဒင်ဆရာက စောမောင်ကြာအား "နင့်သားကအောက်လမ်းပညာနဲ့ ပြု စားလို့ ဆုံးသွားတာ " ဟုပြောခဲ့ပါသည်။ ထိုအချိန်တွင် စောမောင်ကြာနှင့် စောသောင်းငြိမ်းတို့သည် အိမ်နီးနားချင်းများဖြစ်ခဲ့ကြသည်။ ထို့ကြောင့် စောမောင်ကြာသည် စောသောင်းငြိမ်းအား ၎င်း၏ကလေးကို အောက်လမ်းနည်းပညာဖြင့် အသုံးပြု၍ သတ်သေခဲ့သည်ဟု စွပ်စွဲခဲ့သည်။ ထို့ကြောင့် သူသည် စောသောင်းငြိမ်းကိုသတ်ရန် စောဟေသောအား အကူအညီ တောင်းခံခဲ့ခြင်းဖြစ်ပါ သည်။

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွားသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား၊ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
| --- |
| မျက်မြင်သက် သေ စောက---- မှ ဤသတင်း အား အသုံးပြုရန်သဘောတူခဲ့ပါသည်။ ၎င်းကထပ်လောင်းပြောဆိုသည်မှာနောက်နောင်တွင် ဗေဒင်ဆရာဖြစ်စေ၊ လက်နက်ကိုင်စစ်သားတစ်ဦးတစ်ယောက်ဖြစ်စေ လက်နက်အား အခြားသောတာဝန်မရှိ သူတစ်ဦးတစ်ယောက်ကိုမျှ အလွယ်တကူပေး မသုံးရန် ခေါင်းဆောင်များအား အကြံပြုပြောကြားခဲ့ပါသည်။ ခေါင်းဆောင်များကလည်း ဤကဲ့သို့ဖြစ်ပွားမှုနှင့်ပတ်သက်၍ သတိထားသင့်ကြောင်းနှင့် ပြည်သူအချင်းချင်းပြဿနာတစ်စုံတရာမဖြစ်ပွားစေရန်လက်နက်များအားသတိရှိရှိကိုင်တွယ်ရန်အတွက် စစ်သားတစ်ဦးချင်းစီအားအသိပေးရန်တို့ကိုလည်းဆက်လက်ပြောဆိုသွားခဲ့ပါသေးသည်။ |